Popular ရဲ့မေးခွန်း၊

ကျွန်တော်သိတဲ့အတိုင်းWanbao ကုမ္ပဏီကတရုတ်စစ်မှုပစ္စည်းထုတ်လုပ်တဲ့ကုမ္ပဏီတစ်ခုအောက်မှာရှိတဲ့ကုမ္ပဏီဖြစ်ပါတယ်။မြန်မာရဲတပ်ဖွဲ့သုံးတဲ့မီးလောင်ဗုံးတွေက Wanbao ကုမ္ပဏီပေးတာ မဟုတ်ဘူးလို့ သံအမတ်ကြီးက အာမခံပေးနိုင်သလား။

သံအမတ်ကြီးရဲ့အဖြေ၊

ပွင့်ပွင့်လင်းလင်းပြောမည်ဆိုရင် အဲဒီနေ့မှာမြန်မာရဲတပ်ဖွဲ့သုံးတဲ့မီးလောင်ဗုံးတွေနဲ့တခြားပစ္စည်းတွေကဘယ်နိုင်ငံကလာတယ်လို့ကျွန်တော်မသိပါဘူး။ ဒါပေမဲ့အဲဒီပစ္စည်းတွေက Wanbao ကုမ္ပဏီပေးတာ မဟုတ်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ ဘယ်ကလာသလဲဆိုတော့ ကျွန်တော်မသိပါဘူး၊ မြန်မာရဲတပ်ဖွဲ့ကိုသွားမေးပါ။ အခုဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုမေးပါ။ ကျွန်တော်က တစ်ခုစဉ်းစားနေတယ်။ Wanbao ရဲ့အမိကုမ္ပဏီ Norinco ကုမ္ပဏီက လက်နက်ထုတ်လုပ်ခဲ့တဲ့ကုမ္ပဏီဖြစ်ပါတယ်။ဥပမာ အဖေအမေက လုပ်ခဲ့လုပ်ငန်းနဲ့သားသမီးကလုပ်တဲ့လုပ်ငန်းဒီလုပ်ငန်းနှစ်ခု တွဲပြီးစဉ်းစားတာဟာအဆင်မပြေပါဘူး။ မြန်မာပြည်မှာ ကုမ္ပဏီက လုပ်ငန်းတစ်ခုလုပ်နေပါတယ်၊ ဒီကုမ္ပဏီအောက်မှာရှိတဲ့ ကုမ္ပဏီခွဲက တခြားလုပ်ငန်းလုပ်နေပါတယ်။

ခုနကမေးခဲ့တဲ့ CNPCကုမ္ပဏီရဲ့မြန်မာ engineer နဲ့တရုတ် engineer တွေရဲ့လခ မတူပါဘူးဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်အရင်တုန်းကမသိပါဘူး။ ကျွန်တော်က CNPCကုမ္ပဏီကိုမေးပေးမည်။

Kumudra ရဲ့မေးခွန်း၊

ဒေါ်အောင်ဆန်းစုကြည်က ဒီစီမံကိန်းမှာပွင့်လင်းမှုမရှိဘူးဆိုတာနဲ့ ပတ်သက်ပြီး တရုတ်သံအမတ်ကြီးကဘာပြောချင်သလဲ။

သံအမတ်ကြီးရဲ့အဖြေ၊

ကျွန်တော်တို့တရုတ်နိုင်ငံ အစိုးရနဲ့မြန်မာပြည်လာရောက်တဲ့ ကုမ္ပဏီတွေ၊ ကုန်သည်တွေက မြန်မာပြည်မှာဆောင်ရွက်နေတဲ့လုပ်ငန်းတွေက မြန်မာနိုင်ငံအစိုးရနဲ့ဥပဒေအရ ပွင့်လင်းစေဖို့လိုရင် ကျွန်တော်တို့လက်ခံပြီးပူးပေါင်းဆောင်ရွက်ရပါတယ်။ ပြည်သူလူထုတွေက အချက်အလက်ပိုများစွာသိရှိရင် သူတို့ကလက်ရှိဆောင်ရွက် တဲ့လုပ်ငန်းတွေအပေါ် ပိုပြီးပြည့်စုံစွာမှန်ကန်စွာ သဘောပေါက်လာ ပါတယ်။ နောင်မှာ တရုတ်ကုမ္ပဏီတွေက လက်ပံတောင်းစီမံကိန်းမကဘူး၊တခြားစီမံကိန်းတွေလည်းဆောင်ရွက်တဲ့အချိန်မှာ ပြည်သူလူ ထုပိုပြီးသိရှိအောင် ကြေညာသင့်တဲ့အကြောင်းတွေကို ကြေညာပါ့ မယ်။ တရုတ်ကုမ္ပဏီတွေက နှစ်ဦးနှစ်ဘက်ရရှိတဲ့သဘောတူညီချက် ဖြစ်ဖြစ်၊ မြန်မာနိုင်ငံရဲ့လိုအပ်ချက်ဖြစ်ဖြစ်၊ အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းအတိုင်း ဒီမှာဆောင်ရွက်နေတဲ့လုပ်ငန်းမှာ လူမှုကိစ္စတာဝန်ထမ်းဆောင်ရမယ်။ တရုတ်ကုမ္ပဏီတွေမြန်မာနိုင်ငံလာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်တဲ့အခါ အဓိကရည်ရွယ်ချက်က နှစ်ဦးနှစ်ဘက်အကျိုးတူဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့်

မသိစေချင်တဲ့ကိစ္စမရှိပါဘူးလို့ယူဆပါတယ်။ တရုတ်ကုမ္ပဏီတွေ ၈ လေ့ထုံးစံတစ်ခုရှိပါတယ်၊ ပြည်တွင်းပြည်ပမှာ လူမှုကောင်းကျိုးဆောင်ရွက်မှုလုပ်တော့လုပ်ပါတယ်၊ ပြောတော့မပြောပါဘူး။ တရုတ်လူမျိုးရိုးရာဓလေ့ထုံးစံအတိုင် မိတ်ဆွေကိုအကူအညီပေးတာက ကျွန်တော်တို့လုပ်သင့်တဲ့ကိစ္စဖြစ်ပါတယ်လို့ယူဆပါတယ်။ အခုအတွေ့အကြုံအရ နောင်မှာ ဒေသခံအတွက် အကျိုးဆောက်ရွက်မှု၊ ပြည်သူလူထုနေထိုင်မှုအရည်အချင်းမြှင့်တင်မှု ပွင့်ပွင့်လင်းလင်းကြော်ညာပို့လိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က ဒီကိစ္စကိုဖြေရှင်းရန် နောင်ကာလရှေ့ရှုပြီးညှိနှိုင်းပို့လိုပါတယ်လို့ပြောခဲ့တယ်၊ ကျွန်တော်လက်ခံပါတယ်။

အားလုံးသိတဲ့အတိုင်း စချုပ်တော်တော်များများက ပြီးခဲ့တဲ့ အစိုးရ လက်ထက်က ချုပ်ဆိုတာပြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ပြောသလိုအတိုင်းရှေ့ရှုပြီးလေ့လာရပါတယ်။

Unity ရဲ့မေးခွန်း၊

တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုအများစုဟာ တိုင်းရင်းသားဒေသမှာတည်ရှိပါတယ်။ တိုင်းရင်းသာ ပါတီနဲ့ဆက်ဆံရေးကနည်းပါတယ်လို့ကျွန်တော်တွေ့ရပါတယ်၊ အဲဒါဘာကြောင့်လဲ။ ဒုတိယအချက်က တရုတ်အာဏာရပါတီနဲ့လက်ရှိအာဏာရပါတီဖြစ်တဲ့ကြံ့ခိုင်ရေးပါတီအလေးထားပြီးဆက်ဆံနေပါတယ်။ တခြားပါတီ အထူးသဖြင့် NLD ပါတီ နဲ့ဆက်ဆံရေးမရှိပါဘူး။

သံအမတ်ကြီးရဲ့အဖြေ၊

အခုတရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုတော်တော်များများကအစိုးရနဲ့ဆက်ဆံတာပါ။ ဘာနိုင်ငံကိုမဆို စီမံကိန်းဆောင်ရွက်ချင်ရင် အဲဒီနိုင်ငံအစိုးရရဲ့သဘောတူညီချက်ရပြီးတော့ဆောင်ရွက်နိုင်ပါတယ်။ ဒါဟာ အဲဒီ နိုင်ငံရဲ့တရားဥပဒေအောက်မှာ ဆောင်ရွက်တဲ့ စီမံကိန်းဖြစ်ပါတယ်။တရုတ်နိုင်ငံကုမ္ပဏီမကဘူး၊ တခြားနိုင်ငံရဲ့ ကုမ္ပဏီလည်း မြန်မာ နိုင်ငံလာရောက်ပြီးစီမံကိန်းဆောင်ရွက်ချင်ရင် ပူးပေါင်းဆောင်ရွက် တဲ့ မြန်မာလုပ်ဖော်ကိုင်ဘက်နဲ့ညှိနှိုင်းရပါတယ်။ ညှိနှိုင်းပြီးသဘော တူ ညီချက်ရရှိပြီး မြန်မာနိုင်ငံဗဟိုသို့မဟုတ်တိုင်းဒေသကြီးအစိုး ရကို တင်ပြပို့လိုအပ်ပါတယ်။ အခုမြန်မာနိုင်ငံမှာ ပါတီစုံနိုင်ငံရေး ဖြစ်လာနေပါတယ်။ ဒါဟာ ၂၀၁၁ ခုနှစ်ကစပြီး ဖြစ်ပေါ်လာပါတယ်။ အရင် တုန်းကလာရောက်တဲ့ကုမ္ပဏီတွေစီမံကိန်းဆောင်ရွက်တဲ့ အခါတိုင်းနဲ့ပြည်နယ်မှာ သက်ဆိုင်ရာပါတီနဲ့ဆက်ဆံမှုမရှိရသေးဘူး။ အဲဒီပါတီတွေအနေနဲ့လည်း နိုင်ငံခြားနဲ့ပူးပေါင်းဆောင်ရွက်တဲ့ဆန္ဒကိုဖော်ပြတာမတွေ့ရှိပါဘူး။ အခုမြန်မာနိုင်ငံဒီမိုကရေစီပြောင်းလဲနေပါတယ်၊ ပါတီစုံပူးပေါင်းဆောင်ရွက်တဲ့အခြေအနေဖြစ်ပေါ်လာပါတယ်။ နောင်ကာလမှာ နိုင်ငံခြားကုမ္ပဏီလာရောက်ပြီး တခြားပါတီတွေရော၊ တိုင်းဒေသကြီးရဲ့ပါတီအဖွဲ့အစည်းတွေနဲ့ပူးပေါင်းဆောင်ရွက်မှုရှိနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ပါတီအမျိုးမျိုး၊ တိုင်းဒေသကြီးရှိတဲ့ပါတီအဖွဲ့အစည်းတွေ နိုင်ငံခြားနဲ့ပူးပေါင်းဆောင်ရွက် တဲ့ဆန္ဒကို ဖော်ပြပြီးသဘောတူညီချက်ဖလှယ်နိုင်ပါတယ်လို့ ကျွန်

တော်တို့မျှော်လင့်ပါတယ်။ တချို့နိုင်ငံခြားကုမ္ပဏီတွေက လက်ရှိမြန်မာနိုင်ငံရဲ့ခေလေ့ထုံးစံကိုသိပ်မသိပါဘူး။ အခုမြန်မာနိုင်ငံမှာရှိတဲ့ပါတီတွေ၊ တိုင်းဒေသကြီးရှိတဲ့ ပါတီအဖွဲ့အစည်းတွေက ဆန္ဒရှိရင်၊ လိုအပ်ချက်ရှိရင် ကုမ္ပဏီတွေနဲ့ ညှိနှိုင်းပြီး အချင်းချင်းပိုမိုနားလည်နိုင်ပါတယ်၊ ပွင့်လင်းစေပြီးလုပ်ငန်းတွေပိုမို အဆင်ပြေနိုင်ပါတယ်လို့ကျွန်တော်ယူဆပါတယ်။ စီမံကိန်းအကြီးစားဖြစ်ဖြစ်၊ အသေးစားဖြစ်ဖြစ် ဒေသခံပြည်သူတွေကို အကျိုးပြုနိုင်ပါတယ်လို့မျှော်လင့်ပါတယ်။ အခုတရုတ်ဘက်ကကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီနဲ့ဆက်ဆံရေးပိုများပြီး တခြားပါတီနဲ့ဆက်ဆံမှုနည်းပါတယ်လို့ ခင်ဗျားပြောခဲ့တယ်။ ကျွန်တော်တို့လုပ်ဖူးတဲ့ ကိစ္စနည်းနည်းလေးကြေညာခဲ့လို့ထင်တယ်။ ကျွန်တော်တို့အနေနဲ့ တရုတ်မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတိုးတက်စေချင်တဲ့ ပါတီ၊ အဖွဲ့အစည်း၊ ကုမ္ပဏီနဲ့ပုဂ္ဂိုလ်တွေနဲ့အပြည့်အစုံဆက်ဆံ ချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပါတီစုံအဖွဲ့အစည်းနဲ့ပူးပေါင်းဆောင်ရွက်ချင်ပါတယ်။ မြန်မာနိုင်ငံလွှတ်တော်ပါတီစုံကိုယ်စားလှယ်အဖွဲ့ကို တရုတ်ပြည်သို့လာရောက်လေ့လာလို့ဖိတ်ခေါ်ခဲ့ပါတယ်။ သူတို့လာရောက်ခဲ့ပါပြီ။

ကျွန်တော်တို့အကြားဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးရှိပြီး အသွားအလာဆက်ဆံမှုများများရှိပြီးပိုမိုခင်မင်ရင်းနှီးလာပါတယ်။ မြန်မာနိုင်ငံမှာ ဘယ်ပါတီမဆို၊ ဘယ်အဖွဲ့အစည်းမဆို တရုတ်နိုင်ငံဆက်ဆံရေးမြှင့်တင့်ဖို့ အကြံကောင်းရှိရင် ကျွန်တော်တို့သံရုံးကိုလာပြီး ဆွေးနွေးရပါတယ်။ ကျွန်တော်က မြန်မာနိုင်ငံကိုလာရောက်ပြီးသံ

အမတ်ကြီးအဖြစ်တာဝန်ထမ်းဆောင်တာ ၂နှစ်ကြာကြာရှိပြီ။ အခု မြန်မာနိုင်ငံယဉ်ကျေးမှု အပြည့်အစုံထွန်းကားလာပါတယ်၊ ပါတီစုံ အခြေအနေပိုမိုကောင်းမွန်လာပါတယ်။ မြန်မာနိုင်ငံကအဘက် ပေါင်းစုံမှ မိတ်ဆွေနဲ့ပေါင်းသင်းဆက်ဆံမှုတွေကိုကျွန်တော်လုံးဝ သဘောတူပါတယ်။ ဒီလုပ်ငန်းစဉ်မှာ ဗီဒီယာတွေက အရေးကြီးတဲ့အပိုင်းတ ပိုင်းပါဝင်ပါတယ်။

အဲဒီထဲမှာ ကျွန်တော်ကတစ်ခုကို သသိထားမိတယ်။ မီဒီယာတေသ တင်းဖေါ်ပြတဲ့အခါ တရုတ်မြန်မာနှစ်နိုင်ငံဆက်ဆံရေးပိုမိုဖြစ်ထွန်း စေဖို့သတင်းနည်းနည်းပါးပါးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့နား မလည်းဘူး။ ကျွန်တော်ကသံအမတ်ကြီးအနေနဲ့တရုတ်မြန်မာဆက် ဆံရေးဘယ်လိုတိုးတက်နိုင်မလဲလို့စဉ်းစားနေပါတယ်။ တရုတ်ပြည် အနေနဲ့မြန်မာနိုင်ငံရဲ့မိတ်ဆွေအစစ်ဖြစ်ချင်ပါတယ်။ အခုတလော မှာ တချို့ကြွေးကြော်သံ၊ ဥပမာ တရုတ်နိုင်ငံသား တွေ ပြန်ထွက် ပါလို့ကြွေးကြော်သံကိုကျွန်တော်တို့ကြားရတာစိတ်မကောင်းပါဘူး။ ကျွန်တော်ကမြန်မာပြည်သို့ရောက်တဲ့အခါ တရုတ်မြန်မာဆက်ဆံ ရေးဟာ ဆွေမျိုးပေါက်ဖေါ်ချစ်ကြည်ရေးလို့သိရပါတယ်။ အခု တရုတ်နိုင်ငံသားတွေကို မောင်းထုတ်တာရဲ့အကြောင်းရင်းကို ကျွန် တော်သိပ်နားမလည်းဘူး။ မြန်မာပြည်သူလူတုတွေ၊ မီဒီယာတွေက တရုတ်နိုင်ငံသားတွေမြန်မာပြည်မှာတကယ့်တော်မနေစေချင်ရင် ကျွန်တော်က သံအမတ်ကြီးအဖြစ်အလုပ်လက်မဲ့ဖြစ်ပါတယ်။ ကျွန် တော်က မီဒီယာတွေသတင်းဖေါ်ပြတဲ့အချိန်မှာ တရုတ်မြန်မာဆက် ဆံရေးတိုးတက်စေအောင် ဖေါ်ပြနိုင်မည်လို့ မေတ္တာရပ်ခံပါတယ်။

ကျွန်တော်တို့နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှာ အခက်အခဲတခါတလေ ရှိပါတယ်။ နောင်ကာလမှာရှေ့ရှုပြီး ဆောင်ရွက်သွားဖို့လိုပါတယ်။ ကျွန်တော်က မီဒီယာပါရဂူမဟုတ်ပါဘူး။ မီဒီယာတွေကလွတ်လပ်မှုနဲ့အမှန်အကန်ကိုဖေါ်ပြမှုရှိပါတယ်လို့ကျွန်တော်ကအားကျပါတယ်။

Skynet ရဲ့မေးခွန်း၊

စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ရလဒ်က စီမံကိန်းရပ်ဆိုင်းဖို့လို အပ်ရင် ရပ်ဆိုင်သလား။ စီမံကိန်းကို စုံစမ်းစစ်ဆေးတဲ့အခါ ဆက်လက်လုပ်ဆောင်မလား။

သံအမတ်ကြီးရဲ့အဖြေ၊

စုံစမ်းစစ်ဆေးတဲ့အခါ ဆက်လက်လုပ်ဆောင်မလားလို့လက်ရှိအခြေ အနေကဖြေနိုင်ပါတယ်။ မြန်မာနိုင်ငံအစိုးရ၊ မြန်မာနိုင်ငံလုပ်ဖေါ်ကိုင်ဘက်နဲ့ ဒေါ်အောင်ဆန်းစုကြည်လည်းဖြေရှင်းခဲ့ကြပါတယ်။ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ရလဒ်က စီမံကိန်းရပ်ဆိုင်ပို့လို အပ်ရင် ရပ်ဆိုင်သလားနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ဒီရလဒ်ကို စောင်နေပါတယ်။ အခုအဘက်ဘက်ကလာတဲ့ကြွေးကြော်သံက ဒီစီမံကိန်ရပ်ဆိုင်းရတာဖြစ်ပါတယ်။ ကျွန်တော်တို့က စုံစမ်းစစ်ဆေးတဲ့ အမှန်အကန်ရလဒ်ကို အေးအေးဆေးဆေးနဲ့စောင့် နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့စုံစမ်းစစ်ဆေးရေး ကော်မရှင်ကမြန် မာပြည်သူလူထုအား တာဝန်ယူပြီးအကြံတစ်ခု ပေးမယ်လို့ကျွန် တော်ယူဆပါတယ်။

Weekly Eleven ရဲ့မေးခွန်း၊

တရုတ်နိုင်ငံနဲ့သဘောတူလုပ်ဆောင်နေတဲ့စီမံကိန်းကြီးတွေမှာ ပွဲစားရှိတယ်လို့ကြားရပါတယ်။

သံအမတ်ကြီးရဲ့အဖြေ၊

တရုတ်နိုင်ငံကုမ္ပဏီက စီမံကိန်ဆောင်ရွက်ဖို့ ပွဲစားရှိမယ်ဆိုရင် ကျွန်တော်ကို အသိမပေးပါဘူး။ တရုတ်နိုင်ငံကုမ္ပဏီက စီမံကိန် ဆောင်ရွက်ဖို့ပွဲစားရှိတယ်ဆိုတဲ့သက်သေရှိသလား။ မနေ့က ဒေါ် အောင်ဆန်းစုကြည်ရဲ့သတင်းစာရှင်းလင်းပွဲမှာစုံစမ်းစစ်ဆေးရာမှာ ခိုင်မာတဲ့သက်သေလိုပါတယ်လို့ ပြောခဲ့တယ်။ အခု မြန်မာနိုင်ငံသို့လာရောက်ပြီးရင်းနှီးမြှုပ်နှံတဲ့တရုတ်နိုင်ငံကလာတဲ ကုမ္ပဏီမကဘူး၊ တခြားနိုင်ငံကလာတဲ့ကုမ္ပဏီရှိတယ်။ သူတို့ကအကျင့်စာရိတနဲ့အညီလုပ်ငန်း ဆောင်ရွက်မယ်လို့ ကျွန်တော်ယူဆပါတယ်။

သူတို့ကမြန်မာနိုင်ငံလာရောက်ပြီးမြန်မာဥပဒေကိုလိုက်နာရပါတယ်။ မလိုက်နာရင် ကုမ္ပဏီနဲ့မီဒီယာတစ်ခုခုက တရားရုံးကိုပြောနိုင်ပါ တယ်။ ဒါဟာမြန်မာနိုင်ငံမှာဥပဒေအကောင်အထည်ဖေါ်ရေးနဲ့ ရင်း နှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းမွန်စေရေးအတွက် ရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။

Mizzima ရဲ့မေးခွန်း၊

အခုတချို့စီမံကိန်ကရပ်ဆိုင်းတဲ့အတွက် နောင်မှာတရုတ်နိုင်ငံ

ခေါင်းဆောင်က မြန်မာနိုင်ငံအပေါ် မူဝါဒပြောင်းလဲမှုရှိမလား။

သံအမတ်ကြီးရဲ့အဖြေ၊

တရုတ်နိုင်ငံဘက်က မြန်မာနိုင်ငံအပေါ် မူဝါဒပြောင်းလဲမှုလုံးဝမရှိပါဘူး။ ပြီးခဲ့တဲ့နှစ်ပေါင်းများစွာအတွင်းမှာ တရုတ်နိုင်ငံဘက်ကအိမ်နီးချင်းနိုင်ငံအပေါ် ချစ်ကြည်ရေးမူဝါဒပြောင်းလဲမှုလုံးဝမရှိပါဘူး။ တရုတ်နိုင်ငံပြည်သူတွေက မြန်မာနိုင်ငံပြည်သူတွေအပေါ်ချစ်ကြည်ရင်းနှီးမှု ပြောင်းလဲမှုလုံးဝမရှိပါဘူး။ မြန်မာနိုင်ငံက အဆင်ပြေတဲ့အခါ၊ အခက်အခဲကြုံတဲ့အခါ တရုတ်ပြည်သူတွေက အတူခံစားတာ ဖြစ်ပါတယ်။ တချို့စီမံကိန်ကရပ်ဆိုင်းတဲ့အတွက် တရုတ်အစိုးရ ပြည်သူလူထုနားမလည်းဘူးဆိုတာရှိပါတယ်၊ မူဝါဒပြောင်းလဲမှုမရှိ

ပါဘူး။မြန်မာနိုင်ငံလာရောက်တဲ့ရင်းနှီးမြှုပ်နှံရှင်အတွက် ထိခိုက်မှုလုံးဝမရှိဘူးလို့မပြောနိုင်ပါဘူး။ ဒါပေမဲ့ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းမွန်လာပြီးကုမ္ပဏီများများလာမယ် လို့ယူဆပါတယ်။ ကျွန်တော်တို့က အရှေ့နိုင်ငံဖြစ်ပြီးတူညီတဲ့ယဉ်ကျေးမှုရှိတဲ့မိတ်ဆွေဖြစ်ပါတယ်။ အဘက်ဘက်နဲ့ပွင့်ပွင့်လင်းလင်း၊ အေးအေးဆေးဆေး ညှို နှုံးပြီး ပြဿနာဖြေရှင်းနိုင်ပါတယ်။

Modern Journal ရဲ့မေးခွန်း၊

အရင်တုန်းက တရုတ်ကုမ္ပဏီတွေရင်းနှီးမြှုပ်နှံမှုမှာပွင့်လင်းမြင်သာမှုသိပ်မရှိလို့သံအမတ်ကြီးပြောခဲ့တယ်။ နောင်မှာ ဒီကုမ္ပဏီတွေလုပ်

ဆောင်မှုအပေါ် ညွှန်ကြားမှုရှိသလား။

သံအမတ်ကြီးရဲ့အဖြေ၊

တရုတ်သံရုံးအနေနဲ့ မြန်မာပြည်ကို လာရောက်ရင်းနှီးမြှုပ်နှံတဲ့တရုတ်ကုမ္ပဏီတွေကမြန်မာပြည်မှာ ဆောင်ရွက်တဲ့အခြေအနေများကို ဒေသခံပြည်သူနဲ့မီဒီယာတွေအား ပိုမိုပွင့်လင်းအောင်ရှင်းပြရပါတယ်လို့ ညွှန်ကြားပြောမည်။ ဒေသခံပြည်သူတွေကို အကျိုးပြုရမည်၊ အကူအညီပေးရမည်။ ရေရှည်တဲ့မှန်ကန်တဲ့အကြောင်းကို ဒေသခံပြည်သူသိစေလိုပါတယ်။

Fresh News ရဲ့မေးခွန်း၊

တရုတ်မြန်မာပူးပေါင်းဆောင်ရွက်တဲ့လက်ပံတောင်းစီမံကိန်ရဲ့အသေးစိတ်အကြောင်းကိုသိချင်တယ်။

သံအမတ်ကြီးရဲ့အဖြေ၊

အသေးစိတ်ကိုကျွန်တော်ပြည်ပြည်စုံစုံမပြောနိုင်ဘူး။ Wanbao ကုမ္ပဏီကို တိုက်ရိုက်မေးပေးပါ။ အဓိကအကြောင်းကတော့ ရင်းနှီးငွေစုစုပေါင်းအမေရိကန်ဒေါ်လာ ၁ ဘီလီယံဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့ကာလက နှစ် ၃၀ ဖြစ်ပါတယ်။ ဝင်ငွေခွဲဝေမှုက ထုတ်ထားတဲ့ပစ္စည်းကိုခွဲဝေတာဖြစ်ပါတယ်။ ထုတ်ထားတဲ့ပစ္စည်းကိုခွဲဝေဆိုတာက ရောင်မရောင်နဲ့မဆိုင်ဘူး၊ မြန်မာဘက်ရဲ့အကျိုးကိုပိုမိုအာမခံနိုင်ပါတယ်။ ထုတ်ထားတဲ့ပစ္စည်း ကိုခွဲဝေတာကကုန်ကျငွေဖယ်ပြီး မြန်မာအစိုးရက16.8%၊ မြန်မာဦးပိုင်ကုမ္ပဏီက13.8%၊ Wanbaoကုမ္ပဏီက13.33%ရနိုင်ပါတယ်။ ခွဲဝေမှုဆိုတာ Canada

Ivanhoe ကုမ္ပဏီရဲ့လုပ်ထုံးလုပ်နည်းနဲ့မတူပါဘူး။ ကျွန်တော်တို့က ကြေးနီထုတ်လုပ်ပြီး ခွဲဝေပါတယ်။ တရုတ် Wanbao ကုမ္ပဏီတစ်ဘက်ရင်းနှီးပြီး မြန်မာအစိုးရနဲ့ကုမ္ပဏီ ဝင်ငွေရနိုင်ပါတယ်။

Radio Free Asia ရဲ့မေးခွန်း၊

တရုတ်နိုင်ငံအစိုးရ၊ တရုတ်ကုမ္ပဏီနဲ့ မြန်မာနိုင်ငံအစိုးရ၊ မြန်မာကုမ္ပဏီအကြားပူးပေါင်းဆောင်ရွက်တဲ့စီမံကိန်ရှိသေးလား။

သံအမတ်ကြီးရဲ့အဖြေ၊

အခုတရုတ်မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်တဲ့အသေးစိတ်စာချုပ်ကို ကျွန်တော်မရှိပါဘူး။ တရုတ်မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်တဲ့အသေးစိတ်စာချုပ်ကို MIC ရဲ့စာတမ်းမှာသိရှိနိုင်ပါတယ်။ ဘယ်ပူးပေါင်းဆောင်ရွက်မှုမဆို နိုင်ငံတော်ရဲ့ခွင့်ပြုချက်လိုပါတယ်။ တရုတ်မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကာလကကြာပါတယ်။ ခန့်မှန်းဆိုရင် ၁၀၀ လောက်ရှိပါတယ်။

Media One ရဲ့မေးခွန်း၊

တရုတ်နိုင်ငံသားတွေမြန်မာပြည်မှာတကယ့်တော်မနေစေချင်ရင် ကျွန်တော်က သံအမတ်ကြီးအဖြစ်အလုပ်လက်မဲ့ပါတယ်လို့ သံအမတ်ကြီးကပြောခဲ့တယ်။ ဒါဟ စီမံကိန်းရပ်ဆိုင်းရင် တရုတ်သံရုံးကပြန်သွားမလား၊ သို့မဟုတ်အလုပ်အကိုင်လျှော့ပေမလား။

သံအမတ်ကြီးရဲ့အဖြေ၊

တရုတ်နိုင်ငံသားတွေ ပြန်ထွက် ပါလို့ကြွေးကြော်သံနဲ့အညီ ပြန်

ပေါ်မယ်ဆိုတော့ ကျွန်တော်ကတရုတ်နိုင်ငံသားဖြစ်ပြီးပါဝင်မယ်။ ဒါပေမဲ့ ကျွန်တော်အနေနဲ့ တရုတ်နိုင်ငံသားတွေက မြန်မာပြည်မှာ မြန်မာပြည်သူတွေနဲ့ဆက်လက်ချစ်ကြည်စွာနေထိုင်ပြီး ပူးပေါင်းဆောင်ရွက်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်က ချစ်ကြည်ရေးခံစားနိုင်ပါတယ်။ တရုတ်နိုင်ငံသားတွေ ပြန်ထွက်ပါလို့ကြွေးကြော်သံက မြန်မာပြည်သူအားလုံးရဲ့ဆန္ဒမဖော်ပြနိုင်ပါဘူး။ လက်ရှိအခက်အခဲနဲ့စိန်ခေါ်မှုဖြေရှင်းပြီး တရုတ်ကုမ္ပဏီတွေကမြန်မာနိုင်ငံကိုပိုများစွာလာရောက်ပြီးယုံကြည်မှုရှိရှိရင်းနှီးမြှုပ်နှံပါတယ်။

News Watch ရဲ့မေးခွန်း၊
ကြေးနီစီမံကိန်းကိစ္စဖြစ်ပေါ်လာပြီး အနာဂတ်မှာ တရုတ်မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ထိခိုက်မှုရှိသလား။
သံအမတ်ကြီးရဲ့အဖြေ၊
လက်ပံတောင်းကြေးနီစီမံကိန်းကိစ္စက တရုတ်ရင်းနှီးမြှုပ်နှံမှုအတွက်ထိခိုက်မှုရှိတယ်။ ဒါပေမဲ့ ဒါဟာခဏလေးထိခိုက်မှုဖြစ်ပါတယ်။ ရေရှည်ပြောမယ်ဆိုရင်ထိခိုက်မှုမရှိတော့ဘူး။ မနက်ဖြန်ကပိုကောင်းမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။